## တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၃၂ ရက်မြောက်နေ့ (၃၀-၇-၂၀၂၆)
## မေးမြန်းခဲ့သော မေးခွန်းများနှင့် ဖြေကြားချက် အကျဉ်းချုပ်

| စဉ် | မေးခွန်း | အဖြေ |
|---|---|---|
| ၁ | **ဦးတင့်လွင်၊ လောင်းလုံးမဲဆန္ဒနယ်**က ထားဝယ်ခရိုင်၊ စိုက်ပျိုးရေးဦးစီး ဌာနရုံးရှိ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲကျွမ်းကျင်ဝန်ထမ်းများ ဖြည့်ဆည်းပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် ဓာတ်ခွဲခန်းဝန်ထမ်း အင်အား သီးခြားဖွဲ့စည်းပုံ ဖွဲ့စည်းပေးနိုင်ခြင်းရှိ၊ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**က ခရိုင်အဆင့် ဓာတ်ခွဲခန်းများသည် တိုင်းဒေသကြီးအဆင့် မြေဆီလွှာ၊ မျိုးစေ့နှင့် သီးနှံ ကာကွယ်ရေးတာဝန်ခံတို့၏ ကွပ်ကဲမှုအောက်တွင်ရှိပါ၍ ဓာတ်ခွဲခန်း ဝန်ထမ်းအင်အား သီးခြားဖွဲ့စည်းပေးနိုင်ခြင်း မရှိပါကြောင်း ဖြေကြားပါသည်။ |
| ၂ | **ဦးမျိုးမြင့်သိန်း၊ ဝမ်းတွင်းမဲဆန္ဒနယ်**က ဝမ်းတွင်း၊ မြစ်သားနှင့် တံတားဦးမြို့နယ်များသို့ ရေပေးဝေနိုင်ရေးအတွက် ကင်းတား လက်ဝဲမြောင်းမကြီးအား အဆင့်မြှင့်တင်ပေးရန် မည်သည့်အချိန် တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးမြန်းပါသည်။ | **စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**က အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကို ကာလတို၊ ကာလရှည်အစီအမံများရေးဆွဲ၍ ဦးစားပေး အစီအစဉ်အရ တိုင်းဒေသကြီး (သို့) ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေတွင် နှစ်အလိုက်လျာထားဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြေကြားပါသည်။ |
| ၃ | **ဦးအေးချမ်း၊ လှိုင်သာယာ(အရှေ့ပိုင်း) မဲဆန္ဒနယ်**က မိုးစပါးအပြင် နွေစပါးကိုပါ တိုးမြှင့်စိုက်ပျိုးနိုင်ရေးနှင့်ပတ်သက်၍ သက်ဆိုင်ရာ ဝန်ကြီးဌာနအနေဖြင့် မည်သည့်နှစ်ကာလအတွင်း မည်မျှရာခိုင် နှုန်းအထိ တိုးမြှင့်စိုက်ပျိုးနိုင်အောင် စီမံမျှော်မှန်းထားရှိသည်ကို သိရှိလိုခြင်း မေးမြန်းပါသည်။ | **စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**က ယခု ဘဏ္ဍာနှစ်တွင် နွေစပါးသီးထပ်စိုက်ဧရိယာအား (၁၉.၆၂)ရာခိုင်နှုန်း ဆောင်ရွက်ရန် လျာထားပြီး ၂၀၃၀-၂၀၃၁ ဘဏ္ဍာနှစ်တွင် မိုးစပါးစိုက်ဧက (၁၅၀၆၇၄၃၁) ဧက၊ နွေစပါး(၃၀၂၀၄၆၈) ဧက စိုက်ပျိုး၍ နွေစပါး သီးထပ် စိုက်စွမ်းအား (၂၀.၀၅)ရာခိုင်နှုန်း ဆောင်ရွက်ရန် လျာထားပါကြောင်း ဖြေကြားပါသည်။ |

| စဉ် | မေးခွန်း | အဖြေ |
|---|---|---|
| ၄ | **ဦးမိုးတင်၊ စေတုတ္တရာ မဲဆန္ဒနယ်**က စေတုတ္တရာမြို့နယ်တွင် စိုက်ပျိုးရေပေးဝေနေသော မြောင်းမကြီးကို အဝင်ဝအသစ်တူးဖော်ရန် မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးမြန်းပါသည်။ | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**က အသစ်ဖောက်လုပ်မည့် ရေသွင်းမြောင်းအူကြောင်း တစ်လျှောက် ကွင်းဆင်းတိုင်းတာခြင်း ဆောင်ရွက်ခဲ့ပြီး ဖောက်လုပ်ရာတွင် မြေဧရိယာပါဝင်သည့်တောင်သူများနှင့် ညှိနှိုင်း၍ သဘောတူညီချက်ရရှိပါက အနီးစပ်ဆုံးဘဏ္ဍာနှစ် ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၅ | **ဒေါ်ဇာခြည်လွင်၊ မိုးညို မဲဆန္ဒနယ်**က မိုးညိုမြို့နယ်အတွင်းရှိ နတ္တလင်း-မိုးညို-လက်ပံတန်းလမ်းပိုင်းရှိ ပျက်စီးနေသည့် အပိုင်းဖြစ်သော ၈ မိုင် ၅ ဖာလုံအား မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးမြန်းပါသည်။ | **ဆောက်လုပ်ရေးဝန်ကြီးဌာန**က ယခု ဘဏ္ဍာနှစ်တွင် ၂ ဖာလုံ ကတ္တရာထပ်ပိုးလွှာခင်းခြင်းနှင့် ၆ ဖာလုံ ရေပိတ်လွှာလောင်းခြင်း လုပ်ငန်းများဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် ကတ္တရာလမ်းပျက်စီးနေသည့် လမ်းပိုင်းအား ဦးစားပေးအစီအစဉ်အလိုက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ရန်ပုံငွေတွင် လျာထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၆ | **ဦးမောင်မောင်စိုး၊ သာပေါင်း မဲဆန္ဒနယ်**က သာပေါင်းမြစ်ကူးတံတား (ဝဝန်)၊ ဆင်လမ်းဖာစည်ကွင်းတံတား(ဒါးက)နှင့် ကားကြီးကွင်းယာဉ်ရပ်နားစခန်း(ထွန်စက်ကုန်း)တို့အား မည်သည့်ဘဏ္ဍာရေးနှစ်တွင် လျာထားဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးမြန်းပါသည်။ | **ဆောက်လုပ်ရေးဝန်ကြီးဌာန**က ဝဝန်တံတား တည်ဆောက်ရန် လတ်တလောအစီအစဉ်မရှိသေးပါကြောင်း၊ ဒါးကတံတားအား ဘေလီသံပေါင်တံတားအဖြစ် ဆောင်ရွက်ရန် ယခုဘဏ္ဍာနှစ် ရန်ပုံငွေတွင် လျာထားပါကြောင်းနှင့် ယာဉ်ရပ်နား စခန်းမြေနေရာသည် နိုင်ငံတော် ပိုင်မြေဖြစ်သည့်အတွက် တည်ဆောက်နိုင်ရန် တိုင်းဒေသကြီး အစိုးရ အဖွဲ့ပိုင်မြေအဖြစ် အသုံးပြုခွင့်ရရှိရေး ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားပါသည်။ |

| စဉ် | မေးခွန်း | အဖြေ |
| --- | --- | --- |
| ၇ | **ဦးခင်မောင်မြင့်၊ တိုက်ကြီး မဲဆန္ဒနယ်**က တိုက်ကြီးမြို့နယ် အတွင်းရှိ ဖလုံ-မြိုင်ဟေဝန်လမ်းမကြီး၏ ကျန်လမ်းပိုင်း (၁၀/၃) မိုင်ကို ကွန်ကရစ်လမ်းခင်းပေးပါရန်နှင့် ခင်းပြီး(၂/၁)မိုင်အား ချဲ့ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **ဆောက်လုပ်ရေးဝန်ကြီးဌာန**က ယခုဘဏ္ဍာနှစ်တွင် ကွန်ကရစ်ဘီး လမ်းပိုင်းအနက် ၄ ဖာလုံအား ကွန်ကရစ်ခင်းခြင်း ဆောင်ရွက်မည် ဖြစ်ပြီး မြေသားလမ်းပိုင်းများအနက် ၁ မိုင် ၁ ဖာလုံအား ကျောက်ခင်း ခြင်း လုပ်ငန်းကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ရန်ပုံငွေဖြင့် ဆောင်ရွက် သွားဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၈ | **ဒေါက်တာပွင့်ဆန်း၊ ရပ်စောက် မဲဆန္ဒနယ်**က ရွှေညောင်-ရပ်စောက် - အင်တော-ကျောက်ဂူ-နောင်ချိုလမ်း ဆင်တဲတံတားနှင့် ပစောက် ကွေ့တံတားတို့အား လမ်းအကျယ်(၂၈)ပေ၊ တံတားခံနိုင်ဝန် (၆၀) တန် RCC တံတားများအဖြစ် တည်ဆောက်ရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **ဆောက်လုပ်ရေးဝန်ကြီးဌာန**က ဆင်တဲတံတားအား ပေ ၁၀၀ အကျယ် နှစ်လမ်းသွား သံကူကွန်ကရစ်တံတားအဖြစ် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် နှင့် ပစောက်ကွေ့တံတားအသစ်အား ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ်တွင် အပြီးသတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၉ | **ဦးသက်နိုင်ဦး၊ ဘားအံ မဲဆန္ဒနယ်**က အစိုးရအငှားအိမ်ရာများ တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **ဆောက်လုပ်ရေးဝန်ကြီးဌာန**က ဒေသခံပြည်သူများ၏ အိမ်ရာလိုအပ် ချက်စစ်တမ်းများ ကောက်ယူ၍ လိုအပ်ချက်ရှိသော ဒေသများတွင် မြေနေရာရရှိမှုနှင့် ဘဏ္ဍာငွေခွဲဝေလျာထားပေးမှုအပေါ် မူတည်၍ ပြည်သူ့အငှားအိမ်ရာများကို ထပ်မံဖော်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |

| စဉ် | မေးခွန်း | အဖြေ |
|---|---|---|
| ၁၀ | **ဦးယောအေးလှ၊ နန်းယွန်း မဲဆန္ဒနယ်**က နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆင်သေ(ခန္တီး)-လဟယ်-နန်းယွန်း NH-(၄၈) လမ်းပိုင်းမှ လဟယ်-နန်းယွန်းကြား အလွန်မတ်ဆောက်သည့် လမ်းကွေ့နေရာများအား ပြုပြင်ရန် ကျွမ်းကျင်ကွင်းဆင်းအဖွဲ့စေလွှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **ဆောက်လုပ်ရေးဝန်ကြီးဌာန**က အတက်အဆင်းအလွန်မတ်ဆောက်သည့် လမ်းကွေ့ ၉ နေရာအား လမ်းလွဲဖောက်ခြင်း၊ လမ်းချဲ့ခြင်းနှင့် Grade ချခြင်း ဆောင်ရွက်နိုင်ရေး ကျွမ်းကျင်ကွင်းဆင်း တိုင်းတာရေးအဖွဲ့များ စေလွှတ်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားပါသည်။ |
| ၁၁ | **စိုင်းအောင်ညွှန့်၊ မိုင်းရယ် မဲဆန္ဒနယ်**က မိုင်းရယ်မြို့နယ်၊ မန်ပုံရွာမှ နမ့်လောင်းတံတားလမ်းကို (၁၈)ပေအကျယ် ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **ဆောက်လုပ်ရေးဝန်ကြီးဌာန**က ယခုဘဏ္ဍာနှစ်တွင် ကတ္တရာလမ်းချဲ့ခြင်း ၁ မိုင် ၆ ဖာလုံ နှင့် ကျောက်ခင်းလမ်း ၂ ဖာလုံအား ကတ္တရာခင်းခြင်း လုပ်ငန်း ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျန်လမ်း ပိုင်းအား ကတ္တရာလမ်းချဲ့ခြင်းကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် စတင်လျာထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၁၂ | **ဦးကျော်သန်း၊ မာန်အောင် မဲဆန္ဒနယ်**က မာန်အောင်မြို့မှ တောင်နီ (ခေါ်)မြေနီတောင်အထိ ကွန်ကရစ်လမ်းခင်းပေးရန် မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးမြန်းပါသည်။ | **ဆောက်လုပ်ရေးဝန်ကြီးဌာန**က မြေသားလမ်း ၁ မိုင်အား ကျောက်ခင်းခြင်းနှင့် ကျောက်လမ်း ၃ ဖာလုံအား ကွန်ကရစ်လမ်းခင်းခြင်းကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် လျာထားဆောင်ရွက်သွားမည် ဖြစ်ပြီး ကျန်မြေသားလမ်းနှင့် ကျောက်လမ်းများအား နှစ်အလိုက် ရန်ပုံငွေတွင် လျာထားဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဖြေကြားပါသည်။ |